DHAMMAVIJJĀLAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၄၄)

# အောင်မြင်ကြီးပွား စက်လေးပါး


အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာမုခေါ်စေသော်

**အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# အောင်မြင်ကြီးပွား စက်လေးပါး

တရားစာအုပ်များကို

ဓမ္မစာပေ အလှူငွေဖြင့်

ပုံနှိပ်ဖြန့်ဝေသည်

# အောင်မြင်ကြီးပွား စက်လေးပါး

## မှတ်တမ်း

သာသနာတော်နှစ် ၂၅၆၀-ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၈-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၂)ရက်၊ ၂၀၁၆-ခုနှစ်၊ မေလ (၂၃)ရက်၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ ဓမ္မသဟာယ သာသနာ့စင်တာ၊ ဓမ္မရတိမဟာဓမ္မသဘာ ဓမ္မာရုံကျောင်းတော်ကြီးအတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် မြတ်ဗုဒ္ဓ၏ (၂၆၃၉) နှစ်မြောက် ဖွားတော်မူသည့်နေ့ အထိမ်းအမှတ် အထူးဓမ္မသဘင် အခမ်းအနား၌ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဝင်း (ကိုယ်ပိုင်အထက်တန်းကျောင်း) မိသားစု၏ အမတဒါန၊ ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော "အောင်မြင်ကြီးပွား စက်လေးပါး" တရားဒေသနာတော်။

မြတ်ဗုဒ္ဓဟောကြားတဲ့ တရားတော်တွေထဲမှာ နိဗ္ဗာန်ရောက်ကြောင်း တရားမျှသာမက ဘဝမှာ အောင်မြင်ကြီးပွားစေနိုင်တဲ့ အကြောင်းတရားတွေ၊ ဆုံးမစကားတွေ များစွာပါဝင်တယ်။ နိဗ္ဗာန်ရောက်ကြောင်းတရားကတော့ တစ်ခုတည်းသော လမ်းကြောင်းကို ပေးတာဖြစ်တယ်။ လောကမှာ အောင်မြင်ကြီးပွားဖို့ဆိုတာကတော့ အကြောင်းတွေ မြောက်မြားစွာရှိတယ်။

ဘုရားဟောတဲ့ ဒေသနာတော်တွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၆၀၀) က ဟောကြားခဲ့တာဖြစ်သော်လည်း ယနေ့အထိ အောင်မြင်ကြီးပွားနေတဲ့ ပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရားရဲ့ အဆုံးအမကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ မြတ်စွာဘုရား ဟောကြားတဲ့အတိုင်း လုပ်တဲ့ ပုဂ္ဂိုလ်တွေသာ ဖြစ်တယ်ဆိုတာ အင်မတန်မှ ထင်ရှားတယ်။ ကြီးပွား

တိုးတက်တဲ့ ပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရားရဲ့ အဆုံးအမနဲ့အညီ ကျင့်သုံးနေထိုင်တဲ့ ပုဂ္ဂိုလ်တွေသာဖြစ်တယ်။ မြတ်စွာဘုရားက သဘာဝတရားကိုသာ ဟောတာဖြစ်တယ်။ ဗုဒ္ဓကိုယုံကြည်သည် ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ သဘာဝအတိုင်း လိုက်နာမယ်ဆိုရင် သဘာဝတရားရဲ့ တုံ့ပြန်အကျိုးပြုမှုဟာ ဖြစ်ပေါ်လာတယ်။ ဒါက ဘာသာတရားနဲ့ မဆိုင်ဘူး၊ ကိုးကွယ်မှုတွေနဲ့လည်း မဆိုင်ဘူး၊ ယုံကြည်မှုတွေနဲ့ မဆိုင်ဘူး။

ဥပမာ ဘာနဲ့တူတုန်းဆိုရင် မြတ်စွာဘုရားရဲ့ အဆုံးအမ တရားတွေဟာ အစာအာဟာရနဲ့ တူတယ်။ အဆီဩဇာရှိပြီး လူတိုင်းအတွက် ကျန်းမာမှုကို ဖြစ်စေတတ်တဲ့ အစာအာဟာရဟာ ယုံကြည်သူဖြစ်စေ၊ မယုံကြည်သူဖြစ်စေ၊ ဒီအစာ စားရင်တော့ ကျန်းမာမှာပဲ။

ထို့အတူပဲ မြတ်စွာဘုရား ဟောကြားဆုံးမတဲ့ အဆုံးအမတွေဟာ ဆေးနဲ့လည်း တူတယ်။ ဆေးဆိုတာ ရောဂါရှိရင် ဘယ်သူပဲသောက်သောက် ရောဂါကို ပျောက်စေမှာသာ ဖြစ်တယ်။

ဘုရားဟောတဲ့ အဆုံးအမတွေဟာ လူမျိုးမရွေး၊ ဘာသာမရွေး ကျင့်သုံးနေထိုင်သူ ပုဂ္ဂိုလ်အတွက် အကျိုးပြုတာပဲ။ မြတ်ဗုဒ္ဓက ဘာသာတစ်ခုကို ဦးတည်ပြီး ဟောကြားတာ မဟုတ်ဘူး။ လူမျိုးတစ်ဦးကို ဦးတည်ပြီးတော့ ဆုံးမတာလည်း မဟုတ်ဘူး။ အားလုံး လူသားတွေအတွက် ဟောကြားတာဖြစ်တယ်။ ဘယ်သူပဲကျင့်ကျင့်၊ ဒီအကျင့်တရားဟာ ကောင်းမြတ်တဲ့ လူ့ရဲ့ အရည်အသွေးတွေကို တိုးတက်စေမှာ ဖြစ်တယ်။

မြတ်စွာဘုရားရဲ့အဆုံးအမအတိုင်း လိုက်နာကျင့်သုံးမယ်ဆိုရင် လူ့ဂုဏ်သိက္ခာနဲ့ ပြည့်စုံမှာဖြစ်

တယ်။ ဆိုပါစို့၊ ငါးပါးသီလ။ သူများအသက်ကို သတ်ခြင်းမှရှောင်တယ်၊ သူများဥစ္စာခိုးခြင်းမှ ရှောင်တယ်၊ သူတစ်ပါးသားမယား ကျူးလွန်စော်ကားခြင်းမှ ရှောင်တယ်၊ လိမ်လည်လှည့်စားပြီး တစ်ဖက်သားအကျိုးပျက်စီးအောင် လုပ်ခြင်းမှရှောင်တယ်၊ မူးယစ်ဆေးဝါး ရှောင်တယ်ဆိုတဲ့ ဒီကိုယ်ကျင့်တရားတွေဟာ ဘယ်ပုဂ္ဂိုလ်ပဲ ထိန်သိမ်း ထိန်းသိမ်း၊ ထိန်းသိမ်းတဲ့ ပုဂ္ဂိုလ်အတွက် အကျိုးပြုမှာပဲ။ ဗုဒ္ဓဘာသာဖြစ်မှ ဒီတရားတွေက အကျိုးသက်ရောက်စေမှာ မဟုတ်ဘူး။

ဖောက်ဖျက်လို့ရှိရင်လည်း ဘယ်သူပဲ ဖောက်ဖျက် ဖောက်ဖျက်၊ တူညီသော ဆိုးကျိုးကို ခံစားကြရမှာသာဖြစ်တယ်။ ဘယ်သူပဲ သူ့အသက်ကို သတ်သတ်၊ ဘယ်သူပဲ သူများဥစ္စာခိုးခိုး၊ ဒီပြစ်မှုရဲ့ အကျိုးဆက်ကို လုပ်သူကိုယ်တိုင် ခံရမှာပဲဖြစ်တယ်။

ဒီကနေ့ခေတ်မှာ သတ်မှတ်ထားတဲ့ ဥပဒေတွေ ကြည့်လိုက်လေ။ ကမ္ဘာမှာ ကြီးမားတဲ့အပြစ်ကြီးတွေဆိုရင် ပါဏာတိပါတနဲ့ သက်ဆိုင်တဲ့ လူသတ်မှု၊ ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် လူသတ်မှုဆိုရင် အပြစ်ကြီးတာပဲ။ ဘယ်နိုင်ငံကတော့ အပြစ်မရှိဘူးလို့ မရှိဘူး။ ပါဏာတိပါတအမှုကို ကျူးလွန်တဲ့အခါ လူတစ်ယောက်ရဲ့အသက်ကို ဆုံးပါးအောင် လုပ်ပြီဆိုရင် သေစားသေစေ၊ သို့မဟုတ် ကြီးမားတဲ့အပြစ်ကို ခံကြရတာပဲ ဖြစ်တယ်။

အဒိန္နာဒါန- ခိုးမှုဆိုတာလည်း အပြစ်ပေးခြင်းခံရတယ်။ အပြစ်ပေး မခံရတဲ့နိုင်ငံ၊ ခိုးလို့ ဂုဏ်ပြုခံရတဲ့နိုင်ငံဆိုတာ မရှိဘူး။ ကာမေသုမိစ္ဆာစာရ rape လုပ်တယ်၊ စော်ကားတယ်ဆိုတာလည်း ဘယ်နိုင်ငံပဲဖြစ်ဖြစ်၊ ကြီးမားတဲ့အပြစ်ကို ခံရတာပဲ။ တစ်ဦးတစ်ယောက်ကို လိမ်လည်လှည့်စားသွားတယ် ဆိုရင်

လည်း လိမ်လည်တဲ့အပြစ်ကို ခံရတယ်။ မူးယစ်ဆေး ဝါး ဆိုတာကတော့ သယ်ဆောင်ရုံနဲ့တင်ပဲ တစ်ချို့ နိုင်ငံတွေက Capital Punishment ဆိုတဲ့ သေဒဏ် ချမှတ်တာ ရှိတယ်။

အဲဒီလို အပြစ်ပေးခံရတာတွေဟာ ငါးပါး သီလကိုကျူးလွန်ဖောက်ဖျက်လို့ဆိုတာ အင်မတန်မှ ထင်ရှားတယ်။ အဲဒီတော့ ငါးပါးသီလ ပြည့်စုံပြီဆိုရင် ဒီပြစ်ဒဏ်တွေက လွတ်ကင်းသွားတာ။ ဒါ သေချာ တယ်။ ထို့အတူပဲ ကောင်းကျိုးချမ်းသာကို ဖြစ်စေနိုင် တဲ့ အဆုံးအမ ဩဝါဒတွေကို လိုက်နာကျင့်သုံးရင် လည်းပဲ တူညီသော အကျိုးတရားတွေကို ရရှိကြမှာ ဖြစ်တယ်။

လူ့လောကမှ လူတွေဟာ စီးပွားဥစ္စာ တိုးတက်ပြီး အောင်မြင်ကြီးပွားတာ ဘာကြောင့်လဲ။ အကြောင်း ရှာကြည့်မယ်ဆိုရင် မြတ်စွာဘုရား ဟော

ကြားထားတဲ့ အခြေခံတွေပေါ်မှာ မှီတည်နေတယ် ဆိုတာ အင်မတန်မှ ထင်ရှားတယ်။ basically important တကယ့်ကို အခြေခံကျတဲ့ အချက်တွေကို မြတ်စွာဘုရား ဟောထားတယ်။

**အောင်မြင်ကြီးပွား စက်လေးပါး** ဆိုရာမှာ **စက်** ဆိုတာ လည်ပတ်နေတဲ့ သဘောကို ပြောတာ။ အကြောင်းအကျိုးဆက်ပြီး လည်ပတ်နေတယ်။ နေ့စဉ်နဲ့အမျှ လူတွေဟာလည်း လည်ပတ်နေကြတာ။ အလုပ်တစ်ခု လုပ်ရင်းလည်း လည်ပတ်နေတယ်။ အချိန်တွေဆိုတာလည်း လည်ပတ်နေတာပဲ။ မနက်ရောက်လိုက်၊ နေ့လည် ရောက်လိုက်၊ ညရောက်လိုက်၊ တစ်ခါ မနက်ပြန်ရောက်လိုက်၊ လည်ပတ်နေတဲ့ သဘောတရားပေါ့ပဲ။

အဲဒီလို လည်ပတ်နေတဲ့အထဲမယ် ကောင်းတဲ့ အကြောင်းတရားတွေ လည်ပတ်နေပြီဆိုရင် အကျိုး

တရားတွေကလည်း အကောင်းတွေချည်းပဲ လာနေမှာပဲ။ အဆိုးဝင်ရောက်လာပြီဆိုရင်လည်း အဆိုးတွေလည်ပတ်နေမှာပေါ့။ ဒါကြောင့်မို့ စက်ဆိုတာ လည်ပတ်ပြီး ဖြစ်ပေါ်နေတဲ့တရား၊ သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်ပြီး အသက်ဝင်နေတဲ့ (ခုခေတ်စကားနဲ့ ပြောမယ်ဆိုရင်) Activate ဖြစ်နေတဲ့ အရာကိုဆိုလိုတယ်ပေါ့။ လည်ပတ်နေတယ်၊ လှုပ်ရှား လုပ်ဆောင်နေတယ်ဆိုတဲ့ အဓိပ္ပာယ်ကို ပြောတာ။

မြတ်စွာဘုရားသုံးတဲ့ စကားလုံးကတော့ **စက္က**၊ လှည်းဘီးတို့၊ ကားဘီးတို့ကို **စက္က** လို့ခေါ်တယ်။ လည်ပတ်နေတဲ့ အရာကိုလည်း စက္ကလို့ ခေါ်တယ်။ ဒီနေရာမှာတော့ ကောင်းကျိုးချမ်းသာ ဖြစ်ဖို့ရာအတွက် ကောင်းစေတတ်တဲ့ အကြောင်းတရားတွေ လည်ပတ် ဖြစ်ပေါ်နေတယ်၊ ဒီလိုဆိုလိုတယ်။ ဒါကို **သမ္ပတ္တိစက္က** လို့ ခေါ်တယ်။ **သမ္ပတ္တိ** ဆိုတာ

အောင်မြင်ကြီးပွားတယ်၊ ပြည့်စုံတယ်၊ အင်္ဂလိပ်လို ပြန်တော့ success လို့ပဲ ပြန်ကြတယ်။ အောင်မြင်တယ်၊ ကြီးပွားတယ်၊ တိုးတက်တယ်၊ အဲဒီအောင်မြင်ကြီးပွားမှုအတွက် အကြောင်းတရား လေးချက်ရှိတယ်။ အဲဒါကို **သမ္ပတ္တိစက်လေးမျိုး**လို့ ပြောတယ်။

လျှောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုတ်လေးပါးကိုလည်း **စက္က**လို့ သုံးတယ်။ လျှောင်း၊ ထိုင်၊ ရပ်၊ သွား အလှည့်အပြောင်း လုပ်နေကြရလို့ပဲ။ လူတွေဟာ လျှောင်းချည်းလည်း မနေနိုင်ဘူး၊ လျှောင်းရာက ထိုင်ရတယ်၊ ထိုင်ချည်းလည်း မနေနိုင်ဘူး၊ မတ်တတ် ရပ်ရတယ်။ မတ်တတ်ရပ်ချည်းလည်း မနေနိုင်ဘူး၊ လမ်းလျှောက် ပေးရတယ်။ **လျှောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါးဣရိယာ**။ လူရဲ့ခန္ဓာကိုယ် ပြိုလဲမသွားအောင်၊ အသက် (၄၀-၅၀)ကနေ (၈၀-၁၀၀) ထိအောင် ဣရိယာပုတ် အပြောင်းအလဲနဲ့

သွားနေရတာ။ ပြောင်းပြီးတော့ သယ်ဆောင်သွားတာ၊ အဲဒါကိုလည်း စက္ကလို့ ခေါ်တာ။

သမ္ပတ္တိစက်လေးပါးဆိုတာ လည်ပတ်ပြီးဖြစ်နေတဲ့သဘောတရားကို ဆိုလိုတယ်ပေ့ါ။ တစ်ခုနဲ့တစ်ခု ချိတ်ဆက်ပြီးတော့ လည်ပတ်နေတယ်။ ဒီဘောင်အတွင်းက မလွတ်ဘဲ ဒီလမ်းကြောင်းအတိုင်းသွားနေတယ်။ ဆိုပါစို့၊ ဂြိုဟ်တုကြီး ပစ်တင်ထားလိုက်တယ်။ ကမ္ဘာပတ်လမ်းကြောင်းထဲမှာ သွားနေတယ်။ သွားနေရင် လမ်းကြောင်းမှန်နေမှာပဲ။ အေးကမ္ဘာပတ် လမ်းကြောင်းကနေ တစ်ခြားရောက်သွားရင်တော့ ပျက်စီးသွားမှာပဲ။ အဲဒါလိုပဲ စက္ကဆိုတာလည်ပတ်ပြီး သွားလာဖြစ်ပေါ်နေတာ။ ကောင်းတဲ့အကြောင်းအရာတွေဟာ လည်ပတ် ဖြစ်ပေါ်နေတယ်။

မြတ်စွာဘုရားက ထိုခေတ်က အသုံးပြုတဲ့ မာဂဓီဘာသာ (မာဂဓတိုင်းက လူတွေပြောတဲ့ စကားလုံး) နဲ့ (ယနေ့ခေတ်တော့ ပါဠိဘာသာလို့ ခေါ်တယ်။) ဘယ်လိုဟောတုန်းဆိုရင် **စတ္တာရိမာနိ ဘိက္ခဝေ စက္ကာနိ** လောကမှာ လည်ပတ်ပြီး အကျိုး ပြုနေတဲ့ အကြောင်းတရား လေးမျိုးရှိတယ်တဲ့။ လူတွေ၊ နတ်တွေကို အကျိုးပြုပြီး လည်ပတ်နေတဲ့ အကြောင်းအချက်ဟာ လေးမျိုးရှိတယ်။ **ယေဟိ သမန္နာဂတာနံ ဒေဝမနုဿာနံ** အဲဒီလေးမျိုး ပြည့်စုံနေတဲ့ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ် **န စိရဿေဝ-** မကြာခင် အတောအတွင်းမှာပဲ **မဟန္တတ္တံ ဝေပုလ္လတ္တံ ပါပုဏန္တိ ဘောဂေသု** တဲ့၊ စည်းစိမ်ဥစ္စာတွေ ကြီးပွားတိုးတက်လာမယ်၊ ဒီလို ဟောထားတယ်နော်။

လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ် ဒီအချက်လေးချက်နဲ့ ပြည့်စုံအောင် ကျင့်သုံးနေထိုင်နိုင်ပြီ ဆိုလို့ရှိရင် စီးပွားဥစ္စာတွေဟာ တိုးတက်လာမယ်၊ ကြီးပွားလာမယ်လို့ ဒီလိုဆိုလိုတယ်။ တစ်နေ့တစ်ခြား မြင့်မားလာနိုင်တယ်။

ဘယ်အရာပဲဖြစ်ဖြစ် အကြောင်းကင်းပြီး ဖြစ်တာမရှိဘူးနော်။ အကြောင်းလုပ်မှ အကျိုးတရားကို ရတာ။ စာကြိုးစားမှ စာမေးပွဲအောင်တယ်ဆိုတာ ရတယ်။ သင်မှ တတ်တယ်ဆိုတာလို အကြောင်းတရားတွေကိုလုပ်မှ ပညာဆိုတာရတယ်။ စီးပွားဥစ္စာဆိုတာလည်း ထို့အတူပဲ ရှာကြံတယ်၊ စုဆောင်းတယ်ဆိုတာတွေကို အကြောင်းပြုပြီးတော့ စီးပွားဥစ္စာဆိုတာ တိုးတက်လာတယ်။

သမ္မတ္တိ စက်လေးမျိုး၊ ကြီးပွားတိုးတက်မှုအတွက် လည်ပတ်ဖြစ်ပေါ်နေတဲ့ အကြောင်းတရား

လေးချက်။ လူတိုင်းလူတိုင်းမှာ လည်ပတ်ဖြစ်ပေါ်နေမှ ကြီးပွားနိုင်တယ်။ ဣရိယာပုတ်လေးပါး ပြောင်းလဲဖြစ်ပေါ်နေတဲ့အခါ လူဟာ ကျန်းမာပြီး အနှစ်လေးငါးဆယ် တစ်ရာထိအောင် အသက်ရှင် နေနိုင်သလိုပဲ၊ အိပ်ချည်းနေရင်လည်း သေသွားမှာပဲ။ ထိုင်ချည်းနေရင်လည်း သေသွားမှာပဲ၊ လုံးဝ မထပဲနဲ့။ မတ်တပ်ရပ်ချည်းနေရင်လည်းပဲ လဲသွားမှာပဲ။ လမ်းလျှောက်ချည်း နေရင်လည်းပဲ လူ့ဘဝ ခန္ဓာဟာ ကြွေသွားမှာပဲ။ ဣရိယာပုတ်လေးပါးဆိုတာ လှည့်ပြောင်းပြီး နေရတာ။ ဣရိယာပထ စက္က ဆိုတာ လှည့်ပြောင်းနေရသလို အချိန်ဟာလည်း ပြောင်းလဲနေတယ်။

လူတွေမှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတွေဟာ လုပ်ဆောင်လည်ပတ် ဖြစ်ပေါ်နေရမယ်။ ဒီအရည်အချင်းလည်း လိုတယ်၊ ဟို အရည်အချင်းလည်း လိုတယ်။ အဲဒီ အရည်အချင်းတွေ လည်ပတ်

ပြီး နေပြီဆိုတော့မှ ကောင်းကျိုးတရားတွေကို ရရှိနိုင်တယ်လို့ ဒီလိုဟောလိုရင်း ဖြစ်တယ်ပေါ့။

**"အောင်မြင်ကြီးပွား စက်လေးပါး"** တဲ့၊ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် အောင်မြင်မယ်၊ ကြီးပွားတိုးတက်မယ်။ အဲဒီ ကြီးပွားတိုးတက်ဖို့အတွက် ဒီအချက်လေးချက်ဟာ အဓိက စွမ်းဆောင်မှုကို ပေးလိမ့်မယ်။ Basically Important, အခြေခံအားဖြင့် အရေးကြီးတဲ့ အချက်လေးချက်လို့ ဒီလိုဆိုလိုတယ်ပေါ့။ အဲဒါကို မြတ်စွာဘုရားက ဟောတော်မူတယ်။

(၁)**ပတိရူပဒေသဝါသ**- ကိုယ်နဲ့ သင့်တော်တဲ့ နေရာကို ရွေးချယ်နေထိုင်ရတယ်။ ဒါဟာလည်း အလွန်အရေးကြီးတာပဲ။ ကိုယ်ဘယ်နေရာမှာပဲ မွေးမွေးနော်၊ မွေးတဲ့နေရာက ကြီးပွားတိုးတက်ချင်မှ တိုးတက်မှာ။ ဗမာစကားမှာလည်း ရှိတာပဲ၊ **'တစ်ရွာမပြောင်း သူကောင်းမဖြစ်'** ကိုယ်နဲ့ သင့်တော်တဲ့

နေရာမှာ နေထိုင်တဲ့အခါမှာ လူတွေဟာ ကြီးပွား တိုးတက်လာတယ်။ အဲဒီတော့ ကြီးပွားတိုးတက်နိုင် တဲ့ နေရာကို ရွေးချယ်ဖို့လိုအပ်တယ်။

အမေရိကန်သမ္မတ လင်ကွန်းဆိုတာ ကြားဖူး ကြမှာပေါ့။ လယ်တောထဲက လယ်သမားတစ်ဦး သားပဲ၊ လယ်တောထဲမှာနေတာ။ အေး မြို့တက်ပြီး ပညာသင်၊ နောက်ဆုံးမှာ သမ္မတ ဖြစ်သွားတယ်။ တောမှာနေရင်တော့ သမ္မတ ဖြစ်ကောင်းဖြစ်မှာပေါ့။ ဇာတာကောင်းတောင် တောနေရင် တောသူကြီးပဲ ဖြစ်မယ်။ သမ္မတ မဖြစ်ဘူး။ နေရာမှန်ဖို့ လိုတယ်။ အဲဒီတော့ ပတိရူပဒေသဝါသ ကိုယ်နဲ့သင့်တော် လျောက်ပတ်တဲ့ အရပ်ဒေသကို ရွေးချယ်နေထိုင် ရမယ်။

ပတိရူပဒေသ ကိုယ်နဲ့ သင့်တော်တဲ့အရပ် ဆိုတာ ကိုယ်ဘာလုပ်ချင်သလဲဆိုတဲ့ အပေါ်မှာ

ရွေးချယ်ရမှာ။ ပတိရူပ-ဆိုတာ ကိုယ်နဲ့သင့်တော်တဲ့၊ ဒေသ-ဆိုတာ အရပ်ဌာန၊ ဝါသ-နေထိုင်တာ။ ဒါဖြင့်ကိုယ်ဘာလုပ်ချင်တုန်း ဆိုတဲ့အပေါ်မှာ ကိုယ်နဲ့သင့်တော်တာ ရွေးရမယ်။ စီးပွားရှာချင်တာလား၊ ပညာသင်ချင်တာလား၊ ကျန်းမာရေး တိုးတက်ချင်တာလား၊ သို့မဟုတ် နိဗ္ဗာန်ရောက်အောင် တရားအားထုတ်ချင်တာလား။ ကိုယ့်ရဲ့ ရည်ရွယ်ချက်အတိုင်းပေါ့၊ ပါလီမန်အမတ် ဖြစ်ချင်တာလား၊ သမ္မတ ဖြစ်ချင်တာလား၊ ကိုယ့်ရဲ့ရည်ရွယ်ချက်အတိုင်းပဲ၊ ကိုယ်နဲ့သင့်တော်တဲ့ နေရာတစ်ခုကို ရွေးရမယ်။

အဲဒီနေရာမှာ ပညာတတ်ချင်တယ် ဆိုလို့ရှိရင် ပညာသင်ခွင့်ရတဲ့ နေရာမျိုး၊ ကျောင်းကောင်းကောင်း ရှိတယ်၊ ဆရာကောင်းကောင်းရှိတယ်၊ တက္ကသိုလ်တွေ ကောလိပ်တွေ ကျောင်းတွေ

ကောင်းတဲ့နေရာ၊ ပညာတတ်တွေကို အလေးပေးတဲ့ နေရာမျိုးကို ရွေးရမှာ။ အဲဒီနေရာမှာ မရွေးဘဲနဲ့ တောနယ်ဇနပုဒ်ထဲသွားပြီး ဘာမှမသိတဲ့ နလပိန်းတုံး အသိုင်းအဝိုင်းထဲ သွားနေ၊ ဘာပညာမှ တတ်မှာ မဟုတ်ဘူး။

ရွေးချယ်တတ်မယ်ဆိုရင် ကိုယ့်ထက်ပညာတော်တဲ့ လူတွေရှိတဲ့ နေရာမျိုးရမ ဆရာကောင်း၊ သမားကောင်းတွေ ရှိမယ်၊ တက္ကသိုလ်တွေ ရှိမယ်၊ ကျောင်းတွေ ရှိမယ်၊ ကောလိပ်တွေ ရှိမယ်။ ဒီလို ပညာသင်ခွင့်ရတဲ့ နေရာမျိုးကို ရွေးချယ်ပြီး နေထိုင်ခြင်းဟာ အောင်မြင်ကြီးပွားဖို့အတွက် မှန်ကန်တဲ့ လမ်းကြောင်းတစ်ခုလို့ ဒီလိုပြောရမယ်။

နောက်တစ်ခုက ပညာတတ်ချင်တာ မဟုတ်ဘူး၊ ကျန်းမာရေးကောင်းချင်တယ်။ ကျန်းမာရေးကောင်းတဲ့ နေရာမျိုးဆိုလို့ရှိရင် စဉ်းစားကြည့်

ပေါ့။ ရာသီဥတုလည်း ကောင်းတယ်၊ အစာအာဟာရလည်း ကောင်းတယ်၊ ဆေးရုံဆေးခန်း တတ်ကျွမ်းတဲ့သမားတွေလည်း ရှိတယ်ဆိုတဲ့ နေရာမျိုးဟာ ကျန်းမာရေးအတွက် အသင့်တော်ဆုံးနေရာတစ်ခု ဖြစ်တယ်ပေါ့။ ဒါမျိုးကို ရွေးချယ်ပြီး နေထိုင်ရမယ်။

စီးပွားရေးအတွက်ပါလို့ ဆိုရင်လည်း အရောင်းအဝယ်ကောင်းတဲ့ နေရာမျိုး စီးပွားရေး ပညာသင်ခွင့်ရတဲ့နေရာမျိုး၊ စီးပွားလုပ်လို့ ကောင်းတဲ့ နေရာမျိုး ရွေးချယ်ရမယ်။ နိုင်ငံခြားတိုင်းပြည်တွေက လာပြီး ဗမာပြည်လာ စီးပွားလုပ်တယ်ဆိုတာ ဒီနိုင်ငံမှာ မထိမတို့ရသေးတဲ့ သယံဇာတပစ္စည်းတွေရှိတယ်၊ လူ့အရင်းအမြစ်တွေ ရှိတယ်၊ ဒီနေရာမှာ ထုတ်လုပ်စရာတွေ အများကြီးရှိတယ်။ ဒါတွေကြည့်ပြီး ဗမာပြည်လာ ရင်းနှီးမြှုပ်နှံတာ ဒါလဲ ပတိရူပ ပဲနော်။ အဲ့ဒီလို သူ့နေရာနဲ့သူ ရွေးချယ်ပြီးတော့ နေတတ်

တာ၊ လောကမှာ ကြီးပွားတဲ့ပုဂ္ဂိုလ်တွေဟာ သူ့နေရာနဲ့သူ ရွေးချယ်နေကြတာပဲ ဖြစ်တယ်။

အဲဒီလို မဟုတ်ဘူး၊ တရားဓမ္မ သင်ယူချင်တယ်၊ နိဗ္ဗာန်ရောက်ကြောင်းတရားတွေ သိချင်တယ်၊ တရားအားထုတ်ချင်တယ် ဆိုရင်လည်း ဗုဒ္ဓဘာသာ ထွန်းကားတဲ့နေရာ၊ စာသင်ပေးနိုင်တဲ့ စာတတ်ပုဂ္ဂိုလ်တွေရှိတဲ့နေရာ၊ တရားအားထုတ်လို့ရတဲ့ တရားပြရိပ်သာတွေ ရှိတဲ့နေရာမျိုးကို ရွေးရမှာပေါ့။ မြတ်စွာဘုရားဟောတဲ့ ပတိရူပ ဆိုတာ တစ်ခုထဲ မဟုတ်ဘူး။ လူတစ်ယောက်ရဲ့ ရည်ရွယ်ချက်အတိုင်း အကောင်အထည် ဖော်ဖို့အတွက် ကိုယ်နဲ့ သင့်တော်တဲ့နေရာ, ကိုယ်ဖြစ်ချင်တာနဲ့ အံဝင်ဂွင်ကျတဲ့နေရာကိုရွေးဖို့ ဒီလိုဆိုတယ်။

သို့သော် စာပေကျမ်းဂန်မှာ ဓမ္မအသိဉာဏ်ကို ဦးစားပေးပြီး "ပတိရူပဒေသဆိုတာ ပရိသတ်

လေးပါးရှိပြီး တရားဓမ္မကြားနာခွင့်ရတဲ့ နေရာမျိုး”လို့ ဖွင့်ဆိုတယ်။ ဒါက ဓမ္မနဲ့ပတ်သက်တဲ့ အဖွင့်တစ်ခုကို ပဲ ဖွင့်လိုက်တာ ဖြစ်တယ်။ **ပတိရူပဒေသ** ဆိုတာ အမျိုးစုံပဲရှိတယ်ပေါ့။ နောက်ဆုံးမှာ ရန်သူနဲ့ တိုက်ခိုက်တဲ့အခါတောင် **ပတိရူပဒေသ**- နေရာ ကောင်းရထားတဲ့ ပုဂ္ဂိုလ်က အနိုင်ရတယ် အသာစီး ရတယ်။ ကြားဖူးကြမှာပေါ့၊ ဘီလုံးဌက်ကလေးနဲ့ သိမ်းတကောင်တို့ရဲ့ တိုက်ပွဲအကြောင်း။

ဘီလုံးဌက်ကလေးအစာရှာနေတုန်း အမှတ် တမဲ့ အချိန်မှာ ကောင်းကင်ကဝဲနေတဲ့ သိမ်းငှက် တစ်ကောင် ထိုးဆင်းလာပြီး ဘီလုံးကို သုတ်လိုက် တယ်။ ထိုအခါ ဘီလုံးငှက်လေးက “ငါကိုယ်က လော်လီတာ၊ ကိုယ့်နေရာကိုယ် မနေဘူး။ သူများ နေရာနေလို့ ငါအဖမ်းခံရတာ။ ငါ့နေရာမှာဆိုရင် ငါ သူ့ကို လုံးဝမကြောက်ဘူး၊ လုံးဝဂရုမစိုက်ဘူး။ အခု

ငါနေရာမှားလို့ ခံလိုက်ရတယ်"။ တတွတ်တွတ် ပြောနေတဲ့အခါ သိမ်းကြီးက "ဩော် မင်းက မင်းနေရာဆိုရင် ငါမတတ်နိုင်ဘူးလို့ ထင်သလား၊ အေး ဘယ်မတုန်း မင်းနေရာ"။ ဘီလုံးငှက်က ထယ်စာခဲကို ပြတယ်။ "သွား အဲဒီကို၊ အဲ့ဒီမှာလည်း မင်းကို ငါရအောင် ဖမ်းပြမယ်"။ သိမ်းငှက်ကြီးက ဘီလုံးငှက်ငယ်လေးကို လွှတ်လိုက်တယ်။ ဘီလုံးငှက်ကလေးဟာ သူ့နေရာရောက်တဲ့အခါ ထယ်စာခဲပေါ် တတ်ပြီး စိန်ခေါ်တယ်။ "သတ္တိရှိလာခဲ့" တဲ့၊ "အောင်မာ မလောက်လေးမလောက်စား ဘီလုံးငှက်က ငါ့ကို စိန်ခေါ်ရမလား"။ သိမ်းငှက်ကြီးက ဒေါသတကြီး တောင်ပံကိုရုတ်ပြီး အရှိန်နဲ့ ထိုးဆင်းလိုက်တယ်။ အနီးနားရောက်တဲ့အခါ ဘီလုံးငှက်လေးက ထယ်စာခဲအောက် ပြုတ်ကနဲ့ ဝင်လိုက်တယ်။ အဲဒီ

အခါ အရှိန်ပြင်းစွာ ထိုးဆင်းလိုက်တဲ့ သိမ်းငှက်ကြီး ရင်ဘတ်နဲ့ ထယ်စာခဲတိုက်ပြီး သေပွဲဝင်သွားတယ်။

အေး အဲဒါကြောင့် ပတိရူပဒေသဝါသ ဆိုတာကို အလေးအနက်ထားပြီး ဟောတာ၊ ဒီအဓိပ္ပာယ်လိုပေါ့။ အောင်မြင်ကြီးပွားချင်ရင် ကိုယ်နဲ့ သင့်တော်တဲ့နေရာ ရွေးချယ်တတ်ရတယ်။ ဒါက လူလောကမှာ အောင်မြင်ဖို့အတွက် အရေးကြီးတဲ့ အချက်တစ်ခုပဲ။ ဒါကို ဒီမှာ သမ္ပတ္တိစက် လို့ ဟောတာ။ ကနေ့အထိ ဒီအချက်ဟာ out of date မဖြစ်သေးဘူးနော်၊ ဒိတ်အောက်သွားတာ မရှိဘူး၊ ခေတ်မီနေတုန်းပဲ။ ဒီအတိုင်းပဲ အောင်မြင်နေတုန်းပဲ နော်။ ပတိရူပ ကို ရွေးချယ်တတ်တဲ့ ပုဂ္ဂိုလ်တွေဟာ စီးပွားရေးလည်း အောင်မြင်မှာပဲ၊ ပညာရေးလည်း အောင်မှာပဲ၊ ကျန်းမာရေးလည်း အောင်မြင်မှာပဲ၊ ဓမ္မရေးလည်း အောင်မြင်မှာပဲ။ ဒီလိုဆိုလိုတယ်ပေါ့။

နောက်တစ်ခုက(၂)သပ္ပုရိသာဝသဿယော၊ သူတော်ကောင်းကို အမှီရတာ။ သူတော်ကောင်းဆိုတာ စိတ်ကောင်းနှလုံးကောင်းရှိပြီး အကြံကောင်းဉာဏ်ကောင်းတွေကို ပေးနိုင်တဲ့ပုဂ္ဂိုလ်၊ တစ်ဖက်သားရဲ့ ကြီးပွားတိုးတက်မှုကို လမ်းညွှန်မှုပေးနိုင်တဲ့ပုဂ္ဂိုလ်တွေကို သူတော်ကောင်းလို့ ခေါ်တယ်။ အဲဒီတော့ နိဗ္ဗာန်ရဖို့ဆိုရင် သူတော်ကောင်းဟာ ဘုရားပဲပေါ့။ နိဗ္ဗာန်ရချင်ရင်တော့ ဘုရားလို ပုဂ္ဂိုလ်မျိုးနဲ့တွေ့ရမယ်။ အေး အဲဒီအောက် တစ်ဆင့်နိမ့်ရင် ပစ္စေကဗုဒ္ဓါတို့၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့၊ အဲဒီအောက်တစ်ဆင့်နိမ့်ရင် ဘုရားဟောတဲ့ တရားတော်တွေကို တတ်ကျွမ်းနားလည်တဲ့ပုဂ္ဂိုလ်ကို ဆိုလိုတယ်ပေါ့။ အဲဒီပုဂ္ဂိုလ်မျိုး အမှီရဖို့လိုအပ်တယ်တဲ့။ သူကမှ လမ်းညွှန်မှု ပေးနိုင်တယ်။

ပညာသင်ချင်တယ်ဆိုလို့ရှိရင် ပညာသင် ပေးနိုင်တဲ့၊ ဆရာကောင်းဟာ သပ္ပုရိသ သူတော် ကောင်းပဲ၊ စီးပွားရေးဆိုရင်လည်း စီးပွားရေးအတွက် အထောက်အကူ ပြုနိုင်တယ်၊ ငွေကြေးကို ထောက်ပံ့ အကူအညီပေးနိုင်တယ်၊ အကြံကောင်း ဉာဏ် ကောင်းတွေ ပေးနိုင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ သူ့အတွက် အမှီကောင်းတစ်ခုပဲပေါ့။ ကျန်းမာရေး ဆိုရင်လည်း ကျန်းမာရေး အကြံပေးတဲ့ပုဂ္ဂိုလ် ဆေးဝါးခတ်စာ ကုသပေးနိုင်တဲ့ ပုဂ္ဂိုလ်တွေဟာ သပ္ပုရိသ။ အဲဒီလို သပ္ပုရိသာဝဿယ လူတော် လူကောင်း အမှီရှိရမယ်လို့ ဆိုလိုတယ်။

နေရာကောင်းတစ်ခုနဲ့တင် မရသေးဘူး။ အဲဒီ တစ်ခုတည်းနဲ့လည်းပတ်လို့မရဘူး။ နေရာ ကောင်းကိုနေထိုင်သည့်အတွက် လူတော်လူကောင်း နဲ့ ဆုံဆည်းရတယ်၊ လူတော်လူကောင်း အမှီတွေ

ရလာတယ်။ ပတိရူပဒေသဝါသ ဆိုတာ (၂၄) ပစ္စည်းနဲ့ပြောရင် ဥပနိဿယပစ္စယော။ သပ္ပုရိ-သာဝဿယ- သူတော်ကောင်း အမှီရတယ် ဆိုတာလည်း ဥပနိဿယပစ္စယော ပဲ၊ အားကြီးပြီး အထောက်အကူပြုတဲ့ အကြောင်းတွေ။ တစ်နည်းအားဖြင့် external comdition အပြင်ဘက် အကူအညီ အကြောင်းတရားတွေလို့ ဆိုတာ။ လောကလူတွေ ကြီးပွားတိုးတက်ဖို့ရာအတွက် အကူအညီ အကြောင်းက အရေးကြီးတယ်။

သရက်ပင်စိုက်ချင်တယ်ဆိုရင် သရက်စေ့ချည်း ဒီအတိုင်းထားရင် ဘယ်ပေါက်မလဲ။ ဘာအကူအညီ လိုတုန်းဆိုရင် မြေနဲ့ရေရဲ့ အကူအညီလိုတယ်။ မြေ,ရေ ဒီနှစ်ခုရဲ့အကူအညီရမှ သရက်စေ့က အမြစ်သက်ဆင်းပြီး အညှောင့် ထွက်လာမယ်၊ အပင်ဖြစ်ပြီး အချိန်တန်ရင် ပွင့်တယ်၊ သီးတယ်ဆိုတာ ဖြစ်တယ်၊

သရက်ပင်တောင်မှပဲ အထောက်အကူတွေ လိုအပ်တယ် မဟုတ်လား။

အဲ့ဒီလိုပဲ ဘုန်းကြီးတို့ တတွေမှာလည်း ပြင်ပအကူအညီတွေ လိုအပ်တယ်။ မြေရေနဲ့ အလားတူတဲ့ နေရာကောင်း ရှိရမယ်၊ ပုဂ္ဂိုလ်ကောင်း အမှီရှိရမယ် ဟောဒီနှစ်ခု။ ကိုယ့်ကိုယ်ကို ပြန်ကြည့်ပေါ့။ ငယ်ငယ်တုန်းက ကိုယ်နေခဲ့တဲ့နေရာ၊ မွေးဖွားတဲ့နေရာ၊ကိုယ်ကြီးလာတဲ့နေရာမှ အမေ၊ အဖေ၊ ဆရာသမားဆိုတဲ့ သပ္ပုရိသာဝဿယ အမှီမရဘဲ အရိုင်းအစိုင်း တိရစ္ဆာန်တွေကြား ရောက်သွားရင် ဘယ်လိုနေမလဲ။ သွန်သင်မဲ့သူလည်းမရှိဘူး၊ အဲဒီမှာ မွေးမယ်ဆိုရင် ဘယ်လိုနေမလဲ။ ဒါကြောင့် မိမိ ရောက်ရှိနေတဲ့ ပတ်ဝန်းကျင်မှာ အထောက်အကူတွေကြောင့် ကိုယ်ဟာ ကြီးပွားတိုးတတ်လာတယ်လို့ ဒီလိုပြောရမှာပဲ။

အဲဒီတော့ နေရာကောင်း ရွေးချယ်နေထိုင်ခြင်းရယ်၊ ပုဂ္ဂိုလ်ကောင်းကောင်းကို အမှီရခြင်းရယ်၊ ဒီနှစ်ခုသည် အပြင်ဘက်က အထောက်အကူပြုတဲ့ အကြောင်းနှစ်ခုပဲ။

အပြင်ဘက်က အထောက်အကူပြုရုံနဲ့ မရသေးဘူး။ Internal condition အတွင်း အခြေအနေကောင်းဖို့ လိုသေးတယ်။ တစ်ဖက်သားက ဘယ်လောက်ကောင်းကောင်း၊ ဆိုပါစို့ မိဘက သားသမီးတွေကို ဘယ်လောက်ဆုံးမဆုံးမ သားသမီးက မလိုက်နာရင် ဘာမှမရဘူး။ ဆရာက ဘယ်လောက် သင်ပေးသင်ပေး တပည့်က မကြိုးစားရင် ပညာမတတ်ဘူး။ နှစ်ဦးနှစ်ဝ ပေါင်းစပ်ရမယ်၊ အတွင်းအပြင်နှစ်ခု စပ်မိသွားမှရမယ်။ ဒါကြောင့် စက္ကလည်ပတ်နေရမယ်၊ အပြင်အထောက်အကူ ရှိသလို အတွင်းအထောက်အကူလည်း ရှိရမယ်။

ဒါဖြင့် အတွင်းရဲ့ အထောက်အကူက ဘာတုန်း။ ဆိုပါစို့၊ စောစောက သရက်စေ့လေးကို စိုက်လိုက်တယ်။ သရက်စေ့က ပုပ်နေတယ်၊ မြေ ဘယ်လောက် ကောင်းကောင်း၊ ရေဘယ်လောက် လောင်းလောင်း ပေါက်မှာ မဟုတ်ဘူး။ fertilizer နဲ့ မြေကောင်းရေကောင်းထဲမှာ ချစိုက်ကြည့်။ မရဘူး နုနေတဲ့ သရက်စေ့ပဲဖြစ်စေ၊ ရင့်သော်လည်း ပျက်စီး နေတဲ့ သရက်စေ့ပဲဖြစ်စေ၊ ပုပ်နေတဲ့ သရက်စေ့ပဲ ဖြစ်စေ၊ မပေါက်နိုင်ဘူး။ အတွင်းမကောင်းရင်လည်း မပေါက်နိုင်ဘူး။ အပြင်ဘက်က ဘယ်လောက် အထောက်အကူပြုပြု မပေါက်တော့ဘူး။ အဲတော့ အပြင်အကြောင်း ကောင်းရုံနဲ့မပြီးဘူး။ အတွင်း အကြောင်းလည်း ကောင်းဖို့လိုအပ်သေးတယ်။ ဒီလို ဆိုလိုတယ်။

အတွင်းအကြောင်းကို မြတ်စွာဘုရားက ဒီမှာ နှစ်မျိုးဟောထားတယ်။ (၃)**အတ္တသမ္မာပဏိဓိ**တဲ့၊ **အတ္တသမ္မာပဏိဓိ**ဆိုတာ ကိုယ့်ကိုယ်ကို ကောင်းအောင်ထားတယ်၊ ကိုယ့်ကိုယ်ကို ကောင်းအောင် ပြုပြင်တယ်။ မိဘတွေ ဆုံးမတဲ့အတိုင်း လိုက်နာတယ်၊ ဆရာသမားတွေ ဆုံးမတဲ့အတိုင်း လိုက်နာတယ်။ လမ်းညွှန်ပုဂ္ဂိုလ် ညွှန်ကြားတဲ့အတိုင်းပဲ လျှောက်လှမ်းတယ်၊ ကြိုးပမ်းတယ်၊ သာမန်လူတွေ မပြောနဲ့၊ တိုင်းပြည်အုပ်ချုပ်နေတဲ့ သမ္မတတို့၊ ဘုရင်တို့တောင် Adviser ဆိုတာ ရှိသေးတယ်လေ။ အကြံပေးတို့ရဲ့ လမ်းညွှန်ချက်ကို လိုက်နာဖို့ လိုအပ်သေးတယ်။

**အတ္တသမ္မာပဏိဓိ** ကိုယ့်ကိုယ်ကို ကောင်းအောင် ပြင်တယ်၊ ကိုယ့်စိတ်ဓာတ်ကို ကိုယ်ပြင်တယ်၊ ကိုယ့်အရည်အချင်းကို ကိုယ်မြှင့်တင်တယ်။ မလိမ္မာ

သေးရင် လိမ္မာအောင် ကိုယ့်ကိုယ်ကိုပြင်တယ်၊ ပညာ မတတ်သေးရင် ကြိုးစားအားထုတ်တယ်။ ကျန်းမာအောင် ကိုယ့်ကိုယ်ကို နေထိုင်တယ်။ စီးပွားတိုးတက်အောင် အကြံပေးတဲ့အတိုင်း လိုက်နာဆောင်ရွက်တယ်။ အဲဒါတွေဟာ **အတ္တသမ္မာပဏိဓိ** ပဲ။

နိဗ္ဗာန်ရချင်တယ်ဆိုရင် ဆရာသမားတွေ သွန်သင်ပြသတဲ့အတိုင်း တရားဓမ္မကို လိုက်နာကျင့်ကြံကြိုးကုတ် အားထုတ်တယ်။ ကိုယ်ကျင့်သီလ မကောင်းသေးဘူးဆိုရင် ကောင်းအောင်လုပ်တယ်။ သဒ္ဓါတရား မကောင်းဘူးဆိုရင် ကောင်းအောင် ကြိုးစားတယ်။ သဒ္ဓါတရားတွေ မြှင့်တင်ပေးတယ်။ သုတဆိုတဲ့တရားနဲ့ ပတ်သက်တာတွေကို မြှင့်တင်ပေးတယ်။ စာဂ-စွန့်လွှတ်မှုတွေ ရှိတယ်။ ပညာ-အသိပညာတွေ မြှင့်တင်ပေးတယ်။

အဲဒီလို ကိုယ်တိုင်ကလုပ်ခြင်း၊ လိုက်နာခြင်း၊ ကြိုးစားခြင်းတွေဟာ အတ္တသမ္မာပဏိဓိ ပဲ။ ကိုယ်ကိုယ်တိုင်က လိုက်နာမှ ကိုယ်ကိုယ်တိုင်က ကြိုးစားမှ အောင်မြင်တယ်ဆိုတာ ဖြစ်တယ်။ ဘယ်ကိစ္စမှာပဲ ဖြစ်ဖြစ် ကိုယ်ကမလုပ်ရင် မရဘူး။ အဲဒါ ကိုယ်ကိုယ်တိုင်လုပ်ခြင်းသည် internal condition အတွင်းကြောင်းပဲ၊ အဲဒီလိုမလုပ်ရင် မရဘူး။

နောက်အတွင်းအကြောင်းတခုက (၄)ပုဗ္ဗေ စ ကတပုညတာ။ လူတစ်ယောက် အခြေအနေကောင်းဖို့ဆိုတာ အခုခေတ်စကားနဲ့ ပြောရင် IQ မြင့်ဖို့ လိုတာပေါ့။ မွေးကတည်းက ဆွံ့အ နားမကြားမွေးလာရင် ဘယ်လိုလုပ် ပညာသင်မလဲ။ မွေးကတည်းက ဦးနှောက် ကျပ်မပြည့်ခဲ့ဘူးဆိုရင် ဘယ်လိုလုပ်မလဲ။ အဲတော့ အတွင်းအကြောင်းအရာတွေဟာ အင်မတန်မှ အရေးကြီးတာ။ ပုဗ္ဗေ စ

ကတပုညတာ ဆိုတာ အတိတ်ဘဝတုန်းကလည်း ကုသိုလ်ကောင်းမှု လုပ်ခဲ့တဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်၊ ဒါ ဖြစ်ဖို့လည်း လိုတယ်၊ ဒါကို အတွင်းအကြောင်းလို့ ခေါ်တယ်။

ကဲ ရှင်းရှင်းလေး စဉ်းစားကြည့်၊ လူတစ်ယောက် ခန္ဓာကိုယ်ပုံမှန် ဘယ်လောက်ပဲ ကျန်းမာ ကျန်းမာ အာဟာရဓာတ်ကို လုံလောက်အောင် မရဘူးဆိုလို့ရှိရင် ဒီလူဟာ ကျန်းမာရေး ထိခိုက်လာမှာပဲ။ ဘယ်လောက်ပဲ သန်စွမ်းတဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် အာဟာရဓာတ် ပြည့်ဝအောင် မစားရဘူးဆိုလို့ရှိရင် သူဟာ ချို့တဲ့တယ်။ ဒါကြောင့်မို့ ဗီတာမင်ချို့တဲ့တယ်လို့ ဘာတို့ ပြောကြတယ်မဟုတ်လား။ ဘာဓာတ်တွေ ချို့တဲ့နေတယ်နဲ့၊ အဲ့ဒါဘာတုန်း။ အပြင်ဘက်က အထောက်အကူတွေက လိုနေလို့၊ ဟုတ်ပြီ။

တချို့ကျတော့ မကျန်းမမာဘူး။ မကျန်းမာတော့ အတွင်းကိုက လက်ခံနိုင်စွမ်း မရှိဘူး။ အဲဒီမှာ အာဟာရဓာတ်တွေ ဘယ်လောက်ပြည့်အောင် ဆေးကောင်းဝါးကောင်းတွေ ထည့်ပေးသော်လည်း အတွင်းက အခြေအနေတွေ မကောင်းတော့ဘူး ဆိုရင်လည်း ဘယ်လိုမှ ကျန်းမာလာမှာ မဟုတ်ဘူး။

ဆိုလိုတာက အတွင်းလည်း ကောင်းရမယ်၊ အပြင်လည်း ကောင်းမှ ဒါမှ ကျန်းမာတယ်ဆိုတာ ဖြစ်တာ။ နှစ်ခုကောင်းရတယ်လို့ ဆိုလိုတယ်။ အပြင်ဘက်က အစာကလည်း ကောင်းရမယ်၊ လူ့ကိုယ်ခံကလည်း ကောင်းနေရမယ်။ ဒီနှစ်ခု ပေါင်းစပ်လိုက်မှ ကျန်းမာသန်စွမ်းခြင်းဆိုတာ ဖြစ်ပေါ်လာတယ်။

အဲဒီအတိုင်းပဲ။ အပြင်ဘက်က အကြောင်းတွေက **ပတိရူပဒေသဝါသ**- သင့်တင့်တဲ့ အရပ်မှာ နေတယ်။ **သပ္ပုရိသာဝဿယ**- လူတော်လူကောင်း

အမှီရတယ်။ ဒီအပြင်အကြောင်း ဘယ်လောက်ကောင်းကောင်း၊ **အတ္တသမ္မာပဏိဓိ-** ကိုယ့်ကိုယ်ကိုပြုပြင်မှု၊ ကြိုးစားမှု လုံ့လအားထုတ်မှု မရှိဘူးဆိုရင် မအောင်မြင်ဘူး၊ မကြီးပွားနိုင်ဘူး။ **ပုဗ္ဗေ စကတပုညတာ-** ကုသိုလ်ကောင်းမှု မလုပ်ခဲ့ဘူး ဆိုလို့ရှိရင် ဘဝမှာ မွေးလာကတည်းက ကြောင်တောင်တောင် မွေးလာလို့ရှိရင် ဘယ်လိုမှလဲ ထိပ်တန်းရောက်မှာ မဟုတ်ဘူး၊ ဒီလိုဆိုလိုတယ်ပေါ့။

ကိုယ့်အတွင်းပိုင်းက **အတ္တသမ္မာပဏိဓိ-** ကိုယ့်ကိုယ်ကိုလည်း ပြင်ဆင်မှုရှိတယ်၊ **ပုဗ္ဗေ စကတပုညတာ-** ပင်ကိုယ်အခြေအနေကလည်း ကောင်းတယ်။ အပြင်ကလည်း **ပတိရူပဒေသဝါသ** သင့်တော်တဲ့အရပ်မှာ နေတယ်၊ **သပ္ပုရိသာဝဿယ-** လူတော်လူကောင်း အမှီကောင်းလည်း ရလိုက်တယ်။ ဒီအကြောင်းလေးချက်နဲ့ ပေါင်းစပ်မိသွားပြီ

ဆိုရင် ဒီပုဂ္ဂိုလ်ဟာ တဟုန်ထိုး ကြီးပွားတိုးတက်သွား မှာပဲ။

အဲဒီအထဲမှာ အရေးအကြီးဆုံးက ဘာတုန်း ဆိုရင် **အတ္တသမ္မာပဏိဓိ**လို့ ပြောရမယ်။ ကိုယ့်ကိုယ်ကို ပြုပြင်နိုင်ရမယ်။ ဒါကြောင့်မို့ ဘယ်အရာပဲဖြစ်ဖြစ် ကိုယ့်အပေါ်မှာ မူတည်တယ်လို့ ဆိုရမယ်။

မြတ်စွာဘုရား ဟောတယ်၊ **ပတိရူပဒေသ** ဝသေ **ဒေသေ** မင်း ကြီးပွားတိုးတက်ချင်လို့ရှိရင် ကိုယ်နဲ့သင့်တော်တဲ့နေရာမှာ ရွေးချယ်နေထိုင်ပါတဲ့။ **အရိယမိတ္တကရော** သိယာ လူတော်လူကောင်းတွေကို မိတ်ဆွေဖွဲ့ပါ။ သူတို့ဆီက ပညာတွေရဖို့၊ အကြံဉာဏ်တွေရဖို့၊ အဆုံးအမတွေရဖို့၊ သူတို့နဲ့ ပေါင်းပါ။ **သမ္မာပဏိဓိသမ္ပန္နော** ကိုယ့်ကိုယ်ကို ပြုပြင်ပါ။ အကောင်းဆုံးဖြစ်အောင် ပြင်ပါလို့

ဆိုတယ်။ ပုဗ္ဗေ ပုညကတော နရော အတိတ်ဘဝ
ကလည်း ကုသိုလ်ကောင်းမှုတွေ လုပ်ခဲ့တယ်။

ဟောဒီ စက်လေးပါးဟာ လည်ပတ်သွားပြီ ဆိုရင် ခည့် ခန် ယသော ကိတ္တိ၊ သုခဉ္စေတံ ခိဝတ္တတိ အောင်မြင်ကြီးပွားမှုတွေ အကုန်လုံး ပစ္စည်းဥစ္စာတွေလည်း သူ့ဆီ ရောက်လာမှာပဲ။ စားစရာတွေလည်း သူ့ဆီ ရောက်လာမှာပဲ။ ကျော်ဇောမှုတွေလည်း သူ့ဆီ ရောက်လာမှာပဲ။ အောင်မြင်ကြီးပွားဖို့ ချမ်းသာသုခတွေအားလုံး သူ့ဆီကို ရောက်လာလိမ့်မယ်။ (စက္ကသုတ် အင်္ဂုတ္တရ)

အပြင်အကြောင်းကို ရှာရမယ်၊ အတွင်းအကြောင်းကတော့ ကိုယ်တိုင်ကြိုးစားရမှာဖြစ်တယ်။ အရေးအကြီးဆုံးကတော့ အတ္တသမ္မာ ပဏိဓိ ပဲ။ ကိုယ့်ကိုယ်ကို မြှင့်တင်ပေးဖို့ လိုအပ်တယ်။ သဒ္ဓါတရား မရှိသေးဘူးဆိုရင် သဒ္ဓါတရား ရှိလာအောင်၊

သီလမရှိသေးဘူးဆိုရင် သီလ ရှိလာအောင်၊ သုတ မရှိသေးဘူးဆိုရင် သုတ ရှိလာအောင်ကြိုးစား၊ စာဂ မရှိသေးဘူးဆိုရင် စာဂရှိလာအောင်၊ ပညာ မရှိသေးဘူးဆိုရင် ပညာရှိလာအောင် ကြိုးစား။

လောကီနဲ့ပတ်သက်လာလို့ရှိရင် ပစ္စည်းဥစ္စာတွေ မရရအောင် ကြိုးစားအားထုတ်ရမယ်။ လုံလဝီရိယ စိုက်ရမယ်၊ ပညာတွေ သင်ရမယ်၊ စီးပွားဥစ္စာတိုးတတ်ကြောင်းဖြစ်တဲ့ ပညာတွေကို သင်ကြားဆည်းပူး အားထုတ်တာ အတ္တသမ္မာပဏိဓိ ပဲ ဖြစ်တယ်ပေါ့။ အဲဒီ အတ္တသမ္မာပဏိဓိ ဖြစ်မှ အောင်မြင်ကြီးပွားမယ်။ လူ့လောကမှာ ကြီးပွားနေတဲ့ ပုဂ္ဂိုလ်တွေ၊ ဂုဏ်ထူးဘွဲ့ထူးတွေရလို့ စည်းစိမ်ဥစ္စာတွေ တိုးတတ်နေတဲ့ပုဂ္ဂိုလ်တွေဟာ အတ္တသမ္မာပဏိဓိ နဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်တွေသာ ဖြစ်တယ်။

**အတ္တသမ္မာပဏိဓိ** ထက် အခြေခံကျတာကတော့ အတိတ်ဘဝတုန်းက ကုသိုလ်ကောင်းမှု လုပ်ခဲ့သည့်အတွက် လူစဉ်မှီတဲ့ပုဂ္ဂိုလ် ဖြစ်လာခြင်းပဲ ဖြစ်တယ်။ သို့သော် လူစဉ်မှီရုံနဲ့ ဖြစ်သလားဆိုတော့ မဖြစ်ဘူး။ အဓိကကဘာတုန်း။ **အတ္တသမ္မာပဏိဓိ**။ အေး တချို့ဉာဏ်လည်းကောင်းတယ်၊ လူကလည်းပဲ ကျန်းမာတယ်၊ ဒါပေမယ့် ပျင်းတယ်၊ မကြိုးစားဘူး၊ အချိန်ကျရင် လက်ဖက်ရည်ဆိုင် ထိုင်တယ်၊ အချိန်ဖြုန်းတယ်၊ အလုပ်လုပ်ရမှာ ပျင်းတယ်၊ ဘယ်တော့မှ မကြီးပွားဘူးလေ။

အချိန်ရှိသမျှ မျက်စိဖွင့် နားစွင့်ပြီးတော့ ပညာလည်းရှာတယ်၊ အလုပ်လည်း ကြိုးစားတယ် ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ထိပ်တန်းကို ရောက်လာတယ် စာတွေ များများဖတ်တယ်၊ ပညာတွေ များများ

ရအောင် ဆည်းပူးအားထုတ်တယ်။ အဲဒါတွေ အားလုံးဟာ **အတ္တသမ္မာပဏိဓိ** တွေ ချည်းပဲ။

အဲဒီအထဲမှာ အတ္တသမ္မာပဏိဓိ ရှိပြီဆိုရင် ကျန်တဲ့အရာတွေက တည်ငြိမ်မှုရှိလာနိုင်တယ်။ **အတ္တသမ္မာပဏိဓိ** ကတော့ အမြဲတမ်း လှုပ်ရှားနေမယ့်အရာပဲ ဖြစ်တယ်ပေါ့။ သူလှုပ်ရှားမှ ကျန်တာတွေက အသက်ဝင်မှာ။ **အတ္တသမ္မာပဏိဓိ** မလှုပ်ရှားလို့ရှိရင် ဘယ်လောက်ပဲ သင့်တော်တဲ့နေရာနေနေ ပျင်းဟာ ပျင်းပဲ။ ဘယ်လိုပဲ လူတော်လူကောင်းနဲ့ ပေါင်းပြီး ဘယ်လောက်ပဲ ဆုံးမဆုံးမ ပျင်းဟာ ပျင်းပဲ။ **အတ္တသမ္မာပဏိဓိ** မရှိရင်တော့ ကြီးပွားတိုးတတ်မှု မရနိုင်ဘူး။ **အတ္တသမ္မာပဏိဓိ** ဟာ အချက်ပဲ၊ အခရာပဲ၊ မဏ္ဍိုင်ပဲလို့ ဒီလိုပြောလို့ ရတယ်ပေါ့။

အေး အဲဒါလေးနဲ့ ပတ်သတ်ပြီးတော့ လူ့လောကမှာ စီးပွားရှာတာ တိုးတတ်မှုတစ်ခု ရခဲ့တာလေးကို ပုံပြင်လို့ သဘောထားချင်ထား။ တစ်ချိန်တုန်းက လူ့လောကမှာဖြစ်ခဲ့တဲ့ အကြောင်းအရာလေး။ ကနေ့ခေတ်မှာလဲ အဲဒါမျိုးတွေ အများကြီးရှိပါတယ်။ မှတ်တမ်းတင်တာ မတင်တာ ဒါပဲကွာတာနော်။ မြတ်စွာဘုရား ဟောထားတဲ့ ဇာတကဝတ္ထုဒေသနာတွေထဲက ဝတ္ထုတစ်ပုဒ်ကို မှတ်သားကြရအောင်။

## စူဠသေဋ္ဌိဇာတ်

ဗာရာဏသီမြို့မှာ သူဌေးတစ်ဦး ရှိတယ်။ အဲဒီသူဌေးက အင်မတန်မှ အသိပညာရှိတယ်၊ ထက်မြတ်တယ်၊ စီးပွားရှာတတ်တဲ့ နေရာမှာ အကြံကောင်း ဉာဏ်ကောင်းတွေ ရှိတယ်။ သူဌေး

တွေဟာ အဲဒီခေတ်က ဘုရင့်ဆီကို အခစားဝင်ကြရတယ်။ အခစားဝင်သွားရင်း လမ်းမှာ ကြွက်သေတစ်ကောင်တွေ့တယ်။ ကြွက်သေလေးတစ်ကောင်တွေ့တော့ သူ့နောက်က လိုက်လာတဲ့လူကို ပြောတယ်၊ "ဟော့ ဒီကြွက်သေက အသေးအဖွဲ့လေးပဲ၊ တကယ့်ကို စီးပွားရေးအမြင်ရှိတဲ့ လူတစ်ယောက် ဒီကြွက်သေကို အရင်းအနှီးပြုပြီး စီးပွားရှာလိုက်မယ်ဆိုရင်သူဌေးဖြစ်နိုင်တယ်ကွ" ကြွက်သေတစ်ကောင်အရင်းအနှီးပြုပြီးတော့ စီးပွားရှာလိုက်မယ်ဆိုရင် အောင်မြင်ကြီးပွားသူ ဖြစ်နိုင်တယ်လို့ ပြောသွားတာ။

အဲဒီစကားကို လူတစ်ယောက်က အမှတ်မဲ့ကြားလိုက်ပြီး စဉ်းစားတယ် "ဟာ သူဟာ အောင်မြင်နေတဲ့ သူဌေးတစ်ယောက်ပဲ။ မဟုတ်တာတော့ မပြောလောက်ဘူး။ ငါစမ်းကြည့်မယ်"။ အဲဒီကြွက်သေလေး ကောက်ယူသွားတယ်။ ကြောင်မွေးတဲ့

အိမ်ကို သွားရောင်းလိုက်တယ်၊ ငွေလေးတစ်ပြား ရတယ်။

အဲဒီ ရတဲ့ငွေလေးကို သူက ရေအိုးတစ်လုံး ဝယ်ပြီး ရေထည့်ယူသွားတယ်။ မြို့တံခါးဝမှာ စောင့်ပြီး ပန်းဥယျာဉ်ထဲက ပန်းတွေခူးပြီးတော့ လာတဲ့ ပန်းသည်တွေကို အမောပြေ ရေတစ်ခွက်ဆီ တိုက်တယ်။ "ရေသောက်ပါဦး။" ပန်းသည်တွေက ကျေးဇူးတင်ကြတယ်၊ ရေသောက်ပြီး ပန်းပွင့် တစ်ဆုပ်စီ သူ့ကို ပေးသွားတယ်။ အဲဒီပန်းတွေကို ဈေးသွားရောင်းလိုက်တယ်။ ငွေတစ်ကျပ် ရလာ တယ်။

နောက်ရက်ကျ သူက ပန်းဥယျာဉ်ထိ လိုက် သွားတယ်။ အမောပြေ ရေတိုက်တယ်၊ ထန်းလျက်ခဲ လေး ကျွေးတယ်။ သူ့ခေတ်က သားရေစာပေါ့နော်၊ ကျေးဇူးတင်ကြတယ်။ ပန်းခြံ ချုံတစ်ချုံကို တစ်ဝက်

လောက်ပဲ ခူးပြီး ကျန်တာ "မင်းဘာသာမင်း ခူးယူတော့"ဆိုပြီး ပေးထားခဲ့ကြတယ်။ ပန်းတွေအကုန်လုံး အများကြီးရတယ်။ အဲဒီပန်းတွေကို ဈေးပို့လိုက်တာ ငွေရှစ်ကျပ် ရသွားတယ်။

အဲဒီငွေလေးကို အရင်းတည်ထားပြီး ငွေရှာလိုက်တယ်။ ငွေတွေ စုမိလာတဲ့ အချိန် တစ်နေ့မှာ လေကြီးမိုးကြီး ကျလာတယ်။ (အခုလည်း ရော်နီ မုန်တိုင်းဆိုတာ လာလိမ့်ဦးမယ်။) လေကြီးမိုးကြီး ကျလာတဲ့အခါ ဘုရင်ဥယျာဉ်ထဲက သစ်ပင်တွေလဲ၊ သစ်ကိုင်းတွေကျိုးကျ ဖြစ်ကုန်တယ်။ သူက ဥယျာဉ်ကို အရင်ရောက်အောင် သွားတယ်။ ဥယျာဉ်မှူးက ဥယျာဉ်ထဲက သစ်ကိုင်းကျိုးတွေ ရှင်းချင်တယ်ပေါ့။ သူက ဥယျာဉ်မှူးကို ပြောတယ်။ သူ့ကို ဒီသစ်ကိုင်းကျိုးတွေ ပေးမှာလား။ ပေးရင် သူရှင်းပေးပါမယ်" တဲ့။

သူက လူငယ်တွေ ကစားဝိုင်းသွားပြီး ထန်းလျက်နဲ့ ရေတိုက်ပြီးတော့ "လာကြ ငါ့ညီတို့ လုပ်အားပေးကြစမ်းပါ။ ဥယျာဉ်ထဲက သစ်ကိုင်းတွေ ဆွဲထုတ်ကြမယ်"ဆိုပြီး လူငယ်တွေခေါ်ပြီး သစ်ကိုင်းတွေကို အကုန်ဆွဲထုတ်တယ်။ ဆွဲထုတ်ပြီး အပြင်ဘက်မှာ ပုံထားတယ်။

အိုးဖုတ်မယ့်လူတွေက အိုးဖုတ်ဖို့ရန် အဲဒီထင်းကို လာဝယ်ကြတယ်။ ထင်းရောင်းလိုက်တာ ငွေတစ်ဆယ့်ခြောက်ကျပ် ရလိုက်တယ်။ သူကို အိုးငါးလုံးလည်း လက်ဆောင်ပေးသွားသေးတယ်။

အဲဒီလိုနဲ့ ငွေကြေး အတော်စုမိသွားတဲ့အခါ ကုန်းလမ်းကလာမယ့် ကုန်သည်တွေနဲ့ ဆက်သွယ်ပြီး အလုပ်လုပ်တဲ့ပုဂ္ဂိုလ်တွေ၊ ရေလမ်းကလာတဲ့ ကုန်သည်တွေနဲ့ ဆက်သွယ်ပြီး အလုပ်လုပ်တဲ့ပုဂ္ဂိုလ်တွေ

နဲ့ မိတ်ဆွေဖွဲ့တယ်။ သူတို့ဆီက သတင်းရအောင် ယူတယ်။

အဲဒီမှာ ကုန်းလမ်းက မိတ်ဆွေတွေက သူ့ကို သတင်းပေးကြတယ်။ မနက်ဖြန်ကျရင် မြင်းငါးရာနဲ့ မြင်းကုန်သည်တွေ ရောက်လာလိမ့်မယ်တဲ့။ သူက မြက်ရိတ်တဲ့သူတွေဆီ သွားပြီး ထန်းလျက်နဲ့ ရေနဲ့ ဧည့်ခံတဲ့အခါ မြက်ထမ်းသမားတွေက သူ့ကို မြက်ထုံး တစ်ထုံးစီ ပေးသွားတယ်။ သူက ဘာပြော တုန်းဆိုရင် "ခင်ဗျားတို့ ကျုပ်ရဲ့ ကျေးဇူးတရားနဲ့ ကျုပ်ကို ကတိတစ်ခုပေးပါ။ ကျုပ်မရောင်းမချင်း ခင်ဗျားတို့မြက် မရောင်းပါနဲ့"။

မြင်းကုန်သည်တွေ လာမယ်ဆိုတာ ဟိုလူ တွေက သတင်းမရသေးဘူး၊ သူက သတင်းရထား ပြီးပြီ။ မြင်းကုန်သည်တွေ မြင်းဈာ လိုက်ရှာဝယ်တဲ့

အခါ သူ့အိမ်ကမြက်ထုံးငါးရာ အရင်ရောင်းရတယ်။ အဲဒီလိုနဲ့ ငွေကြေးစုမိလာတယ်။

ငွေထောင်ချီ စုမိလာတဲ့အခါ သူက စဉ်းစားတယ်။ လူဆိုတာ ဂုဏ်သိက္ခာရှိရှိ လုပ်တတ်ဖို့က လိုအပ်တယ်။ ငွေရှစ်ကျပ်နဲ့ ရထားတစ်စင်း ငှားတယ်။ ငှားပြီးတဲ့အခါ ကုန်ရောင်းကုန်ဝယ် လှေသင်္ဘောတွေ ဆိုက်တဲ့ သင်္ဘောဆိပ်ကမ်းကို သွားပြီး စခန်းချတယ်။ အဲဒီမှာ နောက်လိုက်တွေ စာရေးတွေငှားပြီး ရုံးဖွင့်တယ်။ ရေလမ်းမှာ အလုပ်လုပ်တဲ့ပုဂ္ဂိုလ်က သူ့ကို သတင်းပေးတယ်။ "မကြာခင် သင်္ဘောတွေ ဆိုက်လိမ့်မယ်"။ သူက အရင်သတင်းရတယ်။ သင်္ဘောဆိပ်မှာ အလုပ်လုပ်တဲ့သူတွေဆီ သွားပြီး လက်စွပ်တစ်ကွင်း စရံသဘောပေးပြီး "သင်္ဘောပေါ်ပါတဲ့ ကုန်ပစ္စည်းတွေကို သူကလွဲပြီး ဘယ်သူ့ကိုမှ မရောင်းရ"ဆိုတဲ့ ကတိတောင်းထားပြီး

စရံရိုက်လိုက်တယ်။ ကျန်တဲ့သူတွေက သဘော်ဆိုက် မယ်ဆိုတာ သတင်းမရသေးဘူး။ သူက သတင်းရပြီး စရံရိုက်ထားလိုက်တယ်။

လှေသဘော်တွေ ဆိုက်လာရော ကုန်သည်တွေ အလျှိုလျှို ရောက်လာကြတယ်။ ရောက်လာတဲ့ အခါကျတော့ သဘော်ကကုန်တွေကို လိုချင်ကြတယ်။ ဒါပေမယ့် မရဘူး၊ စရံပေးထားပြီး ဖြစ်နေတယ်၊ အားလုံး ကုန်သည်တွေ သူ့ဆီသွားပြီး လာဘ်ထိုးကြရတယ်။ ကုန်သည်တစ်ရာက တစ်ယောက်ကို တစ်ထောင်စီ တစ်ထောင်စီ သူ့ကို ပေးတယ်။ "သူ့တို့ကိုလည်း မျှပါပေါ့၊" ကုန်သည်တစ်ရာက တစ်ထောင်စီ တစ်ထောင်စီပေးပြီး သဘော်ကုန်တွေကို သူ့ခွင့်ပြုချက်နဲ့ ယူခွင့်ပေးလိုက်တဲ့အခါ တစ်ခါ ထပ်ပြီးတော့ သူ့ကို ပေးကြရပြန်တယ်။ နောက်ထပ်

တစ်ထောင်စီ၊ အဲဒါနဲ့ သူဟာ သိန်းချီပြီး ငွေတွေ ရသွားတယ်။

လေးလအတွင်းမှာ ငွေသိန်းချီပြီး ငွေတွေ ရသွားတယ်။ ကြွက်သေတစ်ကောင် အရင်းအနှီး ပြုပြီး ငွေရှာလိုက်တာ သိန်းချီရတဲ့အခါ အဲဒီငွေကို ယူပြီး သူဌေးဆီသွားတယ်။ သွားပြီး "သူဌေးမင်းရဲ့ ကျေးဇူးပါ၊ ကျွန်ုပ်ဟာ အခုငွေ ဘယ်လောက်အမြတ် ရပါပြီ"ပြောပြီး သွားပေးတယ်။ သူဌေးက "ဩော် ဒီလူ တယ်တော်တဲ့လူပဲ" ဆိုပြီးတော့ သူ့ကိုအိမ်မှာ အရွယ်ရောက်နေတဲ့ သမီးနဲ့ပေးစားလိုက်တယ်။

အဲဒါ **အတ္တသမ္မာပဏိဓိ** ပဲလေ၊ **အတ္တ သမ္မာပဏိဓိ** လုပ်တတ်ကိုင်တတ် အမြင်ရှိတဲ့ပုဂ္ဂိုလ် ဟာ အဲဒီလို ကြိုးစားလိုက်လို့ အောင်မြင်ကြီးပွား တယ်ဆိုတာ **စူဠသေဋ္ဌိ** ဇာတ်မှာ ဒီအတိုင်းပဲ ရှင်းလင်း ဟောကြားထားတာ ရှိတယ်။

တကယ့် လက်တွေ့ အောင်မြင်ကြီးပွားခဲ့ဖူး တယ်ဆိုတာ မြတ်စွာဘုရားက-

**အပ္ပကေနပိ မေဓာဝီ၊**

**ပါဘတေန ဝိစက္ခဏော။**

**သမုဋ္ဌာပေတိ အတ္တာနံ၊**

**အဏုံ အဂ္ဂိံဝ သန္ဓမံ။**

အသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ်ဟာ အရင်းအနှီးဥစ္စာ နည်းနည်းလေး ရင်းနှီးပြီး ကိုယ့်ကိုယ်ကို ကြီးပွား တိုးတတ်လာအောင် လုပ်တယ်တဲ့။ မီးခဲသေးသေး လေးကို လောင်စာတွေထည့်ပြီး မီးတောက်ကြီး ဖြစ် အောင် လုပ်သလိုပဲ၊ သူ့ကိုယ်သူ ကြီးပွားသွားအောင် လုပ်နိုင်တယ်။ အဲဒီလို လုပ်တတ်ရမယ်လို့ ဒီလို ဟောတာနော်။

မန္တလေးမြို့မှာ လူငယ်တစ်ယောက် တွေ့ဖူး တယ်။ "သူ့မိဘတွေကပဲခွဲစက် လုပ်တယ်။ အဲလူငယ်

က အရောင်းအဝယ် အင်မတန်မှ ဝါသနာပါတယ်၊ ငယ်ငယ်ကတည်းက ဟိုနားက ပစ္စည်းလေးယူ ဒီနားမှာ အကြွေးယူပြီးရောင်း အမြတ်ကလေး နည်းနည်းရ စု၊ ဟိုနားက အကြွေးယူ ဒီနားမှာရောင်း ရတဲ့အမြတ်ကလေးနဲ့ ငွေကြေးတွေ စုပြီး တက္ကသိုလ် တတ်တဲ့အခါ သူ ကိုယ်ပိုင်ကားစီးပြီး တက်တယ်။ အဲဒီ လူငယ်တစ်ယောက် မန္တလေးမြို့မှာ ရှိခဲ့ဖူးတယ်။

သူ့နာမည်တွေတော့ မမှတ်မိတော့ဘူး။ လူတော့ တွေ့ဖူးတယ်၊ သူ့ကားလည်း စီးဖူးတယ်။ အဲဒါ သူ့ဟာသူ စုဆောင်းပြီး ဝယ်တဲ့ကားတဲ့။

တော်တဲ့ပုဂ္ဂိုလ်တွေဟာ ကိုယ့်ကိုယ်ကို ကြီးပွားတိုးတတ်အောင် လုပ်သွားတယ်။ ကြီးပွား တိုးတတ်အောင် လုပ်တတ်တယ်၊ အဲဒီလို မလုပ်ဘဲနဲ့ လက်ဖက်ရည်ဆိုင် ထိုင်၊ လက်ဖက်ရည်ခွက်ထဲက အရက်ကလေးငုံ့သောက် (ရေနွေး မဟုတ်တော့ဘူး။

ခုခေတ်က လက်ဖက်ရည်အိုးထဲမှာ ရေနွေး မရှိတော့ဘူး။ ဓာတ်ဗူးထဲလည်း ရေနွေးက မရှိတော့ဘူး။ ဒီပြင်အရည်တွေရောက်ကုန်ပြီ။) အဲဒီလိုနဲ့ တနေကုန် အချိန်ဖြုန်း၊ ဘောလုံးပွဲကြည့်နဲ့။ ဘယ်လိုလုပ် ကြီးပွား မတုန်း။ မကြီးပွားနိုင်ဘူး။ အဲဒီတော့ လောကလူငယ် လူရွယ်တွေ မကြီးပွားတာဟာ ဘယ်သူ့မှ အပြစ်ပုံချလို့ မရဘူး။ အတ္တသမ္မာပဏိဓိ ပျက်နေတယ်လို့ပဲ ပြောရမှာ ဖြစ်တယ်ပေါ့။

'ဘယ်သူမှမပြု မိမိမှု' ဆိုတာ ကိုယ့်ကိုယ်ကို ကြိုးစားမှပဲ ကြီးပွားတိုးတက်တယ်။ တခြားနိုင်ငံက လူတွေ ဘာလို့ကြီးပွားတိုးတက်ကြတာလဲ။ ကြိုးစားကြတယ်၊ တအားကြိုးစားကြတယ်။ မကြိုးစားတဲ့သူဟာ ဟိုလူ့အပြစ်တင် ဒီလူ့ အပြစ်တင် လျှောက်တင် နေမှာပဲ။ အဲဒီလို အပြစ်မတင်ဘဲ ကြိုးစားကြရမယ်။

"အောင်မြင်ကြီးပွား စက်လေးပါး" ကို မှတ်သားထားပြီး ကြိုးစားအားထုတ်လို့ရှိရင် အောင်မြင်ကြီးပွားမှုကို ရနိုင်တယ်။ လောကီ စီးပွားမှာသာ အောင်မြင်ကြီးပွားမှာ မဟုတ်ဘူး၊ လောကုတ္တရာဘက်မှာလည်း တရားထူးတရားမြတ် ရချင်လို့ရှိရင် ဒီအတိုင်းပဲ လုပ်ရမှာပဲဖြစ်တယ်။ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် မကြိုးစားရင် ဘာတစ်ခုမှ မရဘူး။ 'ကြိုးစားက ဘုရားဖြစ်' ဆိုတဲ့ ဗမာစကားအတိုင်းပဲ ကြိုးစားလို့ရှိရင် အထွဋ်အထိပ်ထိအောင် ရောက်နိုင်တယ်" ကိုယ်စီ ကိုယ်စီ **အတ္တသမ္မာပဏိဓိ** နဲ့ ပြည့်စုံအောင် ကိုယ့်ကိုယ်ကို ကောင်းအောင်ပြုပြင်လို့ အောင်မြင်ကြီးပွားဖို့ မြတ်စွာဘုရားရဲ့ အဆုံးအမအတိုင်း လိုက်နာကျင့်သုံးနိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

# ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဓမ္မ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄၊ ၀၉-၅၅၀၀၈၃၅

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ **ပုရပိုက်ဓမ္မဖြန့်ချိရေး**
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၃၂၇၊ ၀၉-၇၃၉၀၃၉၇၀

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

၁၉။ ဓမ္မမှတ်ကျောက်

၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်

၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ

၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ

၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်

၂၅။ သာရဏီယတရား

၂၆။ ရသတဏှာ

၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း

၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ

၂၉။ မဟာဒါန

၃၀။ စိတ်၏ထွက်ပေါက်များ

၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ

၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ

၃၃။ န စ သော၊ န စ အညော

၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်

၃၅။ စိတ်၏အတွေးများ

၃၆။ ဥပါဒါနပစ္စယာဘဝေါ

၃၇။ သတိမဂ္ဂါ အသိပညာဖြင့် နေထိုင်ခြင်း

၃၈။ အတ္တာဟိအတ္တနောနာထော

၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်

၄၀။ ပေါသူ နာသူ စိတ်ထားဖြူ

၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

၄၂။ လွတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝင်ကြွေးများ
၅၂။ အထင်မှား အမြင်မှား
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒိ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘေသဇ္ဇဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလှူတိုင်းမှာ
၇၉။ ဒက္ခိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၉၀။ ကမ္မဋ္ဌာန်းဆရာ
၉၁။ ဇာတိမြေမှ သာသနာ
၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၉၃။ စရိုက်နှင့်ဝါသနာ
၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၉၅။ သာသနာပြုစွမ်းအားစု
၉၆။ လူဆိုးလူမိုက်
၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၁၀၁။ အာနာပါနသသတိသုတ်အနှစ်ချုပ်
၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ
၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ
၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား
၁၀၅။ မွေ့သံဝေဂနှင့် ဘဝဆည်းဆာ

၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ
၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ
၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ
၁၁၆။ ဉာတပရိညာ
၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ
၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား
၁၁၉။ သစ္စဒေသနာ ဓမ္မစကြာ
၁၂၀။ အားကိုးခြင်း
၁၂၁။ သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်
၁၂၂။ အတ္တဟိတ နှင့် ပရဟိတ
၁၂၃။ အသက်ရှည်လေ ပိုကောင်းလေ
၁၂၄။ မိဘနှင့်သားသမီးအကြား မှန်ကန်သောအမြင်များ
၁၂၅။ အများအတွက် သံဃာတော်တို့၏ဆောင်ရွက်ချက်
၁၂၆။ သလ္လေခသုတ်အနှစ်ချုပ်

၁၂၇။ ကောသလဒိပ်မက်နှင့်ယနေ့ကမ္ဘာ
၁၂၈။ ပိယတော ဇာယတေ သောကော
၁၂၉။ ဆရာမြတ်ကို ဆည်းကပ်ရမည့်အခါ
၁၃၀။ ဓမ္မတာဝန်
၁၃၁။ ဥပုသ်သည်တို့၏ စကားဝိုင်း
၁၃၂။ ရှင်ပြုအလှူတော်မင်္ဂလာ အနုမောဒနာ
၁၃၃။ ပါရာယနဒေသနာ
၁၃၄။ ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား
၁၃၅။ မြတ်ဗုဒ္ဓသာသနာ နှင့်
သီတင်းကျွတ်လပြည့်နေ့အမှတ်တရများ
၁၃၆။ ဝိဝါဒမူလ(၆)ပါးနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမစကား
၁၃၇။ ကိုယ့်ဘဝ ကိုယ်ပြင်
၁၃၈။ ဝိပဿနာရှုဖွယ် တောလေးဆယ်
၁၃၉။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၁)
၁၄၀။ ပတ်ဝန်းကျင်ကိုရှုမြင်၍ မိမိဘဝကို ပြုပြင်ခြင်း
၁၄၁။ သူတော်ကောင်းသည် အားလုံးအတွက်ဖြစ်သည်
၁၄၂။ သူတော်ကောင်းတို့ တောင်းသောဆု
၁၄၃။ ဒုစရိုက်အကျိုး အဆိုးပုံရိပ်များ
၁၄၄။ အောင်မြင်ကြီးပွား စက်လေးပါး